
www.kidsofdestiny.org
Kids of Destiny©
Reaching the Next Generation

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

# ပထမဆုံးသောပသခါပွဲ 2.09

## ထွက်မြောက်ရာကျမ်း ၃-၁၂

ဘုရားသခင်ရဲ့လူမျိုးတော် ဣသရေလလူမျိုးတွေဟာ အီဂျစ်ပြည်မှာ နေထိုင်ကြတယ်။ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ခေါင်းဆောင် အတွက် သူတို့ဟာကြိုးစားပြီး အလုပ်လုပ်ပေးရတယ်။ သူ့ကို ဖာရောလို့လည်းခေါ်တယ်။ ဣသရေလလူမျိုးတွေက သူတို့ကိုကယ်တင် ပေးဖို့ ဘုရားသခင်ဆီဆုတောင်းကြတယ်။ အဲလို အချိန်ကြာမြင့်စွာဆုတောင်းခဲ့ကြတယ်။ အဲဒီအချိန်မှာပဲ မောရှေလို့ခေါ်တဲ့ လူတစ် ယောက်ရှိတယ်။ သူက ဘုရားသခင်ကိုချစ်သလို ဘုရားသခင်ကလည်း သူ့ကိုချစ်တယ်။ တစ်နေ့မှာ မောရှေအနေနဲ့အလုပ်တစ်ခုလုပ်ဖို့ ဘုရားသခင်ကပြောတယ်။ မောရှေဟာ အဲဒီအလုပ်ပြီးမြောက်နိုင်ဖို့အတွက် စိုးရိမ်တဲ့အတွက်ကြောင့် သူ့ကိုကူညီပေးဖို့ သူ့အစ်ကို အာရုန်ကို ခေါ်သွားဖို့ ဘုရားသခင်ခွင့်ပေးခဲ့တယ်။ သူတို့ နှစ်ယောက်အနေနဲ့ အီဂျစ်ပြည်ကိုသွားပြီး ဖာရောရဲ့လက်ထဲကနေ ဣသရေလလူမျိုးတွေကို သွားရောက်ကယ်တင်ကြဖို့ ဘုရားသခင်က ပြောတယ်။ ဒါပေမယ့် ဣသရေလလူမျိုးတွေ နိုင်ငံထဲကထွက် သွားနိုင်ဖို့အတွက် ဖာရောရဲ့ခွင့်ပြုချက်လိုအပ်ပါတယ်။

ဖာရောအနေနဲ့ လူတွေကိုသွားခွင့်ပေးနိုင်ဖို့ ဘုရားသခင်ဆီမှာ အစီအစဉ်တွေရှိပါတယ်။ ဘုရားသခင်ဟာ ဖာရောထက်ပိုပြီး တန်ခိုး အစွမ်းသတ္တိရှိတယ်ဆိုတာသိဖို့အတွက် အီဂျစ်လူမျိုးတွေအပေါ်မှာ ဆိုးရွားတဲ့အရာဖြစ်စတဲ့ကပ်ဘေးဆယ်မျိုးကျရောက်ဖို့ ဘုရားသခင် စီရင်ပါတယ်။ ကပ်ဘေးတစ်မျိုးစီအတွက် ဖာရောကိုသတိပေးဖို့ မောရှေနဲ့အာရုန်ကို ဘုရားသခင်စေခိုင်းခဲ့တယ်။ ဒါပေမယ့် ဖာရောဟာ ဣသရေလလူမျိုးတွေကို သွားခွင့်မပေးဘဲ ခေါင်းမာနေခဲ့တယ်။

၁) ပထမဆုံး တိုင်းပြည်မှာရှိတဲ့ရေအားလုံး သွေးဖြစ်သွားတယ်။ နေရာတိုင်းမှာ ဖြစ်ပျက်သွားတယ်။ ဘယ်နေရာမှာမှ သန့်ရှင်းတဲ့ ရေမရှိတော့ဘူး။
၂) ဒုတိယက ဖားတွေရောက်လာတယ်။ ဖားတွေ အများကြီးရောက်လာတယ်။ အိမ်ထဲမှာလည်းဖား၊ အိပ်ရာပေါ်မှာလည်း ဖား၊ လူတွေလမ်းပေါ်လျှောက်နေရင်လည်း ဖားတွေချည်းရှိနေတော့တယ်။
၃) တတိယက ခြင်ကောင်တွေ။
၄) စတုတ္ထက ယင်ရဲတွေ။
၅) ပဉ္စမကပ်က လယ်ထဲမှာရှိတဲ့တိရစ္ဆာန်တွေ သေကြတယ်။

"ကောင်းပြီ၊ ကပ်ဘေးကိုရပ်လိုက်ပြီး၊ လူတွေကို ခေါ်သွားလိုက်ပါ" လို့ ဖာရောက ပြောတယ်။ ဒါပေမယ့်လည်း အရာအားလုံးပုံမှန် အတိုင်းပြန်ဖြစ်သွားတဲ့အခါ သူ့စိတ်ပြန်ပြောင်းသွားတယ်။ ဒါ့ကြောင့်လည်း ဘုရားသခင်က ဆက်ပြီးကပ်ဘေးကို ခွင့်ပြုခဲ့တယ်။

၆) ဆဋ္ဌမကပ်ဘေးက လူတွေရဲ့ကိုယ်ခန္ဓာမှာ အဖုအကြိတ်တွေပေါက်စေတာဖြစ်တယ်။
၇) သတ္တမကပ်ဘေးက မိုးကြိုးနဲ့ကြီးမားတဲ့မိုးသီးတွေ ကောင်းကင်ကနေရွာကျစေတာ ဖြစ်တယ်။
၈) အဋ္ဌမကပ်ဘေးက ကျိုင်းကောင်တွေရောက်လာပြီး၊ လူတွေကိုအနှောင့်အယှက်ပေး၊ ကောက်ပဲသီးနှံတွေကို စားပစ်ကြတယ်။
၉) နဝမကပ်ဘေးက အီဂျစ်တစ်နိုင်ငံလုံး သုံးရက်တိတိနေ့ရောညပါ မှောင်မိုက်ဖုံးလွှမ်းနေခြင်းပါ။
၁၀) ဒါပေမယ့် ဒသမကပ်ဘေးက အဆိုးဆုံးပဲ။ ဖာရောနဲ့တကွ အိမ်တိုင်းမှာရှိတဲ့သားဦးတွေအားလုံးကို သတ်ပစ်လိုက်တယ်။ အဲဒီအရာက ပြင်းထန်တယ်။

ဣသရေလလူမျိုးတွေဟာ ဘုရားသခင်ရဲ့စကားကို နားထောင်ခဲ့ကြတယ်။ ကပ်ဘေးအားလုံးကနေ သူတို့ကိုကာကွယ်ပေးတယ်။ ဒီအချိန်မှာ သူ့စကားနားထောင်ဖို့ အရမ်းအရေးကြီးပါတယ်။ အနာအဆာကင်းတဲ့သိုးတစ်ကောင်ကိုသတ်ပြီး အသွေးကိုအိမ်တံခါးတွေ မှာသုတ်လိမ်းထားဖို့ သူတို့ကိုပြောခဲ့တယ်။ အဲဒီညမှာ သေခြင်းနဲ့ဆိုင်တဲ့ကောင်းကင်တမန်ဟာ တတိုင်းပြည်လုံးကိုသွားခဲ့ပြီး၊ အသွေး သုတ်လိမ်းထားတဲ့အိမ်တွေကို ကျော်သွားခဲ့တဲ့အတွက် အဲဒီအိမ်ထဲကလူတွေ အသက်ချမ်းသာရကြတယ်။ သူတို့သားဦးတွေ မသေကြ ဘူး။ အဲဒါကြောင့် အဲဒီအကြောင်းအရာကို "ပသခါ" လို့ခေါ် ကြတာဖြစ်တယ်။

ညအချိန်ရောက်တဲ့အခါ သေခြင်းနဲ့ဆိုင်တဲ့ကောင်းကင်တမန်ဟာ ဖြတ်ကျော်သွားတယ်။ ကလေးအများကြီးသေကြတယ်၊ ဖာရောရဲ့ သားလည်းပါသွားတယ်။ ဒါပေမယ့် ဣသရေလလူမျိုးတွေကတော့ ဘုရားစကားကိုနာခံခဲ့ကြလို့ သူတို့သားသမီးတွေ အသက်ချမ်းသာ ရခဲ့ကြတယ်။ နောက်ဆုံးတော့ ဖာရောဟာဘုရားသခင်ရဲ့တန်ခိုးကိုမြင်တွေ့ခဲ့ရပြီး၊ ဣသရေလလူမျိုးတွေကို ထွက်သွားခွင့်ပေးလိုက်ရ တယ်။

ဒီအရာကတော့ ပထမဆုံးသောပသခါပွဲဖြစ်တယ်။ အဲဒီညကို အမြဲအမှတ်ရကြဖို့ ဣသရေလလူမျိုးတွေကို ဘုရားသခင်ပြောခဲ့တယ်။ ဘုရားသခင်က သူ့လူမျိုးတော်တွေကို ကယ်တင်ခဲ့တာနဲ့ပတ်သက်ပြီး၊ ယနေ့အချိန်အထိ ကျွန်ုပ်တို့ဟာလည်း အဲဒီပွဲနေ့ကို အောက်မေ့ သတိရလျှက် ကျင်းပကြတာဖြစ်ပါတယ်။

**ပထမဆုံးသောပသခါပွဲ - ဆရာလမ်းညွှန် 2.09**

**ထွက်မြောက်ရာကျမ်း ၃-၁၂**

**အဓိကအချက်များ**

၁) ဖာရောလက်ထဲမှာရှိတဲ့ဣသရေလလူမျိုးတွေကိုကယ်တင်ဖို့ မောရှေကို ဘုရားသခင်စေလွှတ်ခဲ့တယ်။
၂) ဖာရောက သူဟာဘုရားသခင်ကဲ့သို့တန်ခိုးရှိတယ်လို့ထင်ပြီး၊ ခေါင်းမာနေခဲ့တယ်။
၃) အီဂျစ်လူမျိုးတွေအပေါ်မှာ ကပ်ဘေးဆယ်မျိုးရောက်လာတယ်။
၄) နောက်ဆုံးကပ်ဘေးကတော့ အိမ်တိုင်းမှာရှိတဲ့သားဦးတွေအားလုံး သေခြင်းပဲဖြစ်တယ်။
၅) ဣသရေလအမျိုးမိဘတွေဟာ ဘုရားသခင်စကားနားထောင်ပြီး၊ သိုးအသွေးကို အိမ်တံခါးဘောင်တွေမှာ သုတ်လိမ်းထား တဲ့အတွက် သူတို့သားသမီးတွေကို ဘုရားသခင်က ကာကွယ်ပေးခဲ့တယ်။
၆) ဖာရောဟာ ဣသရေလလူမျိုးတွေကို ထွက်ခွာသွားခွင့်ပေးလိုက်ရတယ်။ နောက်ဆုံးတော့ ဘုရားသခင်ဟာ တန်ခိုးအကြီးဆုံး ဖြစ်တယ်ဆိုတာကို သူသင်ယူရတော့တယ်။

**မေးခွန်းများ**

၁) ဣသရေလလူမျိုးများ ဘာ့ကြောင့်အီဂျစ်ပြည်ကနေ ထွက်သွားချင်ကြတာလဲ?
၂) ဣသရေလလူမျိုးတွေကို ကယ်တင်ဖို့ ဘယ်သူ့ကို ဘုရားသခင်စေခိုင်းခဲ့သလဲ?
၃) ဘုရားသခင်က ကပ်ဘေး ဘယ်နှစ်ခု စေလွှတ်ခဲ့သလဲ?
၄) အဆိုးဆုံးကပ်ဘေးက ဘာလဲ?
၅) ဣသရေလလူမျိုးတွေဟာ သူတို့သားသမီးတွေကို ဘယ်လိုနည်းနဲ့ကွယ်ကာပေးခဲ့သလဲ?
၆) နောက်ဆုံးကပ်ဘေးပြီးသွားတဲ့အခါ ဘာဖြစ်သွားသလဲ?

**အဖြေများ**

၁) ဖာရောဟာ ဣသရေလလူမျိုးတွေကို စိတ်ဆိုးပြီးမတရားအလုပ်ခိုင်းစေခဲ့တယ်။
၂) ဣသရေလလူမျိုးတွေကို ကယ်တင်ဖို့ မောရှေကို ဘုရားသခင်စေခိုင်းခဲ့တယ်။
၃) ဘုရားသခင်က ကပ်ဘေးဆယ်မျိုးကို စေလွှတ်ခဲ့ပါတယ်။
၄) အဆိုးဆုံးကပ်ဘေးကတော့ သားဦးတွေကို သတ်ခြင်းပါ။
၅) သိုးသူငယ်ရဲ့အသွေးကိုအိမ်တံခါးထုတ်တွေပေါ်မှာ သုတ်ထားခြင်းအားဖြင့် ဣသရေလလူမျိုးများဟာ ဘုရားသခင်ရဲ့စကားကို နားထောင်ခဲ့ကြပါတယ်။
၆) ဖာရောဟာ ဣသရေလလူမျိုးတွေကို ထွက်ခွာသွားခွင့်ပေးလိုက်ရတယ်။ ဘုရားသခင်ဟာ တန်ခိုးအကြီးဆုံးဖြစ်တယ်ဆိုတာ သူသဘောပေါက်သွားခဲ့တယ်။

ဒီအကြောင်းအရာက ဘုရားသခင်ရဲ့အပြစ်မရှိစုံလင်သောသားတော်ဟာ ကျွန်ုပ်တို့အတွက် လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံ ပေးခဲ့တာကို ဒီအကြောင်းအရာက ရှင်းပြထားပါတယ်။ သူ့ရဲ့အသွေးတော်ကို ကျွန်ုပ်တို့နှလုံးသားထဲမှာ ရွေးချယ်ထားမယ်ဆိုရင် အပြစ်တရားနဲ့သေခြင်းရဲ့တန်ခိုးတွေလက်ကနေ သူက ကယ်တင်မှာဖြစ်ပါတယ်။

Kids of Destiny®
Reaching the Next Generation



www.kidsofdestiny.org